တံပ်အွံရ်ပိုန်လောတ်ကပိုန်တအာင်း

**Palaung State Liberation Front**

## ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး
## "၂၇၇၈ ခုနှစ်မြောက် တအာင်းအမျိုးသားနှစ်သစ်ကူးနေ့ နှစ်သစ်မင်္ဂလာသဝဏ်လွှာ"
## ၁၅ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်

၁။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့သည် တအာင်းအမျိုးသားတို့၏ ၂၇၇၈ ခုနှစ် သို့ကူးပြောင်းလာသော နှစ်သစ်ကူးအခါသမယ နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။ တအာင်းနှစ်သစ်တွင် တအာင်းပြည်သူလူထုအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာနိုင်ပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း ပို့သလိုက်ပါသည်။

၂။ တအာင်းတမျိုးသားလုံးအတွက် မင်္ဂလာရှိသောနှစ်သစ်ကူးပွဲတော်ကို မမေ့မပျောက်ဘဲ အခမ်းအနားများဖြင့် ကြို့ဆိုကျင်းပကြသော အနယ်နယ်အရပ်ရပ်ရှိ တအာင်းအမျိုးသားရဟန်းရှင်လူ မိဘပြည်သူ လူငယ်မောင်မယ်များ အားလုံးကို အထူးကျေးဇူးတင်ပါသည်။ မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) အနေဖြင့် တအာင်းဒေသအတွင်း တိုက်ပွဲများမရှိတော့ပဲ ငြိမ်းချမ်းသည့်အချိန်ကာလတွင် မိဘပြည်သူများနှင့်အတူ တအာင်း နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန်မျှော်လင့်တောင့်တကြောင်း ဖော်ပြလိုပါသည်။

၃။ မိမိတို့တအာင်းလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဌာနေတိုင်းရင်းသားလူမျိုးအဖြစ် ယခု နေထိုင်ရာ ရေ၊ မြေ၊ တော၊ တောင်များတွင် အစဉ်အဆက်အုပ်ချုပ်မှုများဖြင့် စီမံခန့်ခွဲအုပ်ချုပ်နေထိုင်ခဲ့ကြပါသည်။ သို့သော် နယ်မြေတိုးချဲ့ကျူးကျော်လာသူများကို ခုခံတွန်းလှန်ခြင်းမပြုနိုင်ခဲ့သဖြင့် ပြည်တွင်းစစ်ဘေးဒဏ်ကို ယနေ့ ထက်တိုင်ခံစားနေကြရပါသည်။

၄။ လက်ရှိမြန်မာပြည် တိုင်းရင်းသားမိဘပြည်သူများအားလုံး တန်းတူညီမျှမှု၊ အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ ရရှိနိုင်ရန်အတွက် ပြည်တွင်းစစ်မီးကို အပြီးတိုင်ရပ်စဲပြီး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရတွေ့ဆုံ ဆွေးနွေးအဖြေရှာရန်အတွက် မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (PSLF / TNLA)မှ အမြဲအဆင်သင့်ရှိပြီး ကြိုးပမ်းဆောင်ရွက်နေကြောင်း အသိပေးအပ်ပါသည်။

၅။ တအာင်းတမျိုးသားလုံးအဖိနှိပ်ခံဘဝမှလွတ်မြောက်ပြီး ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရရှိကာ တအာင်းနှစ်သစ်ကူး ပွဲတော်ကို ငြိမ်းချမ်းပျော်မွေ့စွာကျင်းပနိုင်ရန်အတွက် လူထုစည်းရုံးရေး၊ နိုင်ငံရေး၊ တော်လှန်ရေး အခန်းကဏ္ဍ အသီးသီးတွင် စည်းလုံးညီညွတ်စွာဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း မိမိတို့ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF / TNLA) ၏ တအာင်းနှစ်သစ်ကူးသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

"ဘုံပ်ဘိူန် ကုင်တအာင်း"

**ဗဟိုကော်မတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(P.S.L.F )**
**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် ( T.N.L.A)**